# လူအိုရဲ့အကြံ

လူငယ်တစ်ယောက်သည် တစ်ညနေတွင် တစ်ကိုယ်တည်း ဂေါက်ရိုက် လေ့ကျင့်နေသည်။ သူ့ခန့်မှန်းအရ သူ အိမ်ပြန်ချိန်အတွင်း သူ ကိုး ကျင်းအထိ ရိုက်နိုင်သည်။

လူငယ်သည် ဘဲနံ့တွင် ဧကောင်ရိုက်ရန် ပြင်ဆင်နေသည်။ ထိုစဉ် သူ့ဆီသို့ ဂေါက်သမား အဘိုးအိုရောက်လာပြီး အတူရိုက်ရန် အဆိုပြုသည်။ သူက ငြင်းဘဲ လက်ခံသည်။

အံ့ဩဖွယ်ရာ ဖြစ်သည်။ လူအိုသည် ဂေါက်သီးကို အလျင်အမြန်ရိုက်နိုင်သည်။ အဝေးကြီးသို့ မရောက်နိုင်သော်လည်း အချိန်အများကြီးမယူချေ။

သို့နှင့် သူတို့ နံပါတ် ၉ ကျင်းသို့ ရောက်လာတော့သည်။ ဤတွင် လူငယ်အခက်တွေ့လေပြီ။ သူ့ဂေါက်သီးနှင့် ကျင်းကြားတွင် ဧရာမ ထင်းရှူးပင်ကြီး ခံနေသည်။ သူမည်သို့ ရိုက်ရမည်မသိ ဖြစ်နေ၏။

မိနစ်အနည်းငယ်ကြာသောအခါ လူအိုကြီးက ပြောသည်။

'ငါ မင်းအရွယ်တုန်းကလည်း ဒီလိုကြုံဖူးတယ်ကွ။ ငါကတော့ ဘောလုံးကို သစ်ပင်ပေါ်က ကျော်ပြီး ဟိုဘက်ရောက်အောင် ရိုက်ထည့်လိုက်တာပဲ'

လူငယ်လည်း စိတ်ကို စုစည်းလိုက်သည်။ အားသွင်းလိုက်သည်။ ကိုယ်နေဟန်ထားကို ပြင်လိုက်သည်။ ဂေါက်သီးကို အသေအချာ ချိန်ရွယ်ကာ သစ်ပင်ပေါ်မှကျော်အောင် ဝင့်ရိုက်ထည့်လိုက်၏။

သို့သော် ဂေါက်သီးကား သစ်ပင်၏ ထိပ်ဖျားကိုင်းတစ်ခုနှင့် ဆိုက်မိကာ ဘုတ်ခနဲ ပြန်မြောက်ကျလာလေသည်။

ဂေါက်သမား အဘိုးကြီးသည် စုတ်သတ်လိုက်သည်။

'အေးကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ မင်းအရွယ်တုန်းက ဒီသစ်ပင်ရဲ့အမြင့်က သုံးပေပဲ ရှိသေးတာကိုး'ဟု ပြောလိုက်လေသည်။

○